**၂၀၂၃ ခုနှစ်၊ ပြည်ထောင်စု၏အခွန်အကောက်ဥပဒေ၊ ပြည်ပသို့ နိုင်ငံခြားငွေလွှဲပြောင်းရာတွင် စီးပွားရေးလုပ်ငန်းရှင်၊ ကုမ္ပဏီ၊ အဖွဲ့အစည်း၊ တစ်ဦးချင်းပုဂ္ဂိုလ်များက နိုင်ငံတော်သို့ပေးဆောင်ရမည့် အခွန်အကောက်များ အပြေအကြေပေးဆောင်ခြင်း၊ အခွန်စာရင်းရှင်းလင်းခြင်းတို့ ဆောင်ရွက် ပြီး/မပြီးကို သက်ဆိုင်ရာ ဘဏ်နှင့် ငွေရေးကြေးရေးအဖွဲ့အစည်းများမှ စိစစ်ရမည့်လုပ်ငန်းစဉ် Standard Operating Procedure – SOP နှင့် ညွှန်ကြားလွှာအမှတ် (၃/၂၀၂၃) တို့နှင့်စပ်လျဉ်း၍ ရှင်းလင်းဆွေးနွေးခြင်း**

၁-၄-၂၀၂၃ ရက်နေ့မှ ၃၁-၃-၂၀၂၄ ရက်နေ့အထိ အကျိုးသက်ရောက်မည့် ၂၀၂၃ ခုနှစ်၊ ပြည်ထောင်စု၏အခွန်အကောက်ဥပဒေ၊ စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာနက ထုတ်ပြန်ခဲ့သည့် ပြည်ပသို့ နိုင်ငံခြားငွေလွှဲပြောင်းရာတွင် စီးပွားရေးလုပ်ငန်းရှင်၊ ကုမ္ပဏီ၊ အဖွဲ့အစည်း၊ တစ်ဦးချင်း ပုဂ္ဂိုလ်များက နိုင်ငံတော်သို့ပေးဆောင်ရမည့် အခွန်အကောက်များ အပြေအကြေပေးဆောင်ခြင်း၊ အခွန်စာရင်းရှင်းလင်းခြင်းတို့ ဆောင်ရွက်ပြီး/မပြီးကို သက်ဆိုင်ရာဘဏ်နှင့် ငွေရေးကြေးရေးအဖွဲ့ အစည်းများမှ စိစစ်ရမည့်လုပ်ငန်းစဉ် Standard Operating Procedure – SOP အပေါ် ပြည်တွင်း အခွန်များဦးစီးဌာနမှ ဆောင်ရွက်ပေးရမည့် ကိစ္စရပ်များနှင့်ပတ်သက်၍ ထုတ်ပြန်ထားသည့် ညွှန်ကြား လွှာအမှတ် (၃/၂၀၂၃) တို့နှင့်စပ်လျဉ်းသည့် ရှင်းလင်းဆွေးနွေးပွဲကို ၂၇-၃-၂၀၂၃ (ကြာသပတေးနေ့) မွန်းလွဲ (၁၃:၀၀) နာရီတွင် ပြည်တွင်းအခွန်များဦးစီးဌာန၊ နေပြည်တော်ရှိ အစည်းအဝေးခန်းမ၌ ကျင်းပပြုလုပ်ခဲ့ပါသည်။

အဆိုပါ ရှင်းလင်းဆွေးနွေးပွဲတွင် ပြည်တွင်းအခွန်များဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူးချုပ်၊ ဒေါ်ခင်ယမုန်အောင် နှင့် ညွှန်ကြားရေးမှူး၊ ဦးမျိုးမင်းလတ် တို့က ရှင်းလင်းဆွေးနွေးခဲ့ပြီး ဆွေးနွေးပွဲသို့ တက်ရောက်လာသူများက မေးမြန်းသည့် မေးခွန်းများကို ရှင်းလင်းဖြေကြားခဲ့ပါသည်။ ဆွေးနွေးပွဲသို့ ပြည်တွင်းအခွန်များဦးစီးဌာနမှ ဒုတိယညွှန်ကြားရေးမှူးချုပ်များ၊ ဌာနခွဲညွှန်ကြားရေးမှူးများ ပါဝင် တက်ရောက်ခဲ့ကြပြီး ရန်ကုန်အခြေစိုက်ဌာနခွဲ ညွှန်ကြားရေးမှူးများ၊ ဌာနမှူးများ၊ ပြည်ထောင်စု နယ်မြေအပါအဝင် တိုင်းဒေသကြီး/ ပြည်နယ်အခွန်ဦးစီးဌာနမှူးများက Video Conferencing ဖြင့် ပါဝင်တက်ရောက်ခဲ့ကြပါသည်။